
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယို)
(စာစဉ်–၄၂)
Translator - Sunlight Team

## အခန်း ၄၁၉

*

ဉာဏ်အလင်းပွင့်မှုနှင့် ပတ်သက်လျှင် အဓိကပြဿနာမှာ စိတ်ပင် ဖြစ်သည်ဟု ရှန်းယွီ တွေးတောနေမိသည်။

ပုံမှန်အားဖြင့် မြင့်မားသော ဉာဏ်အလင်းပွင့်မှု ပါရမီဖြင့် မွေးဖွားလာသူများသည် ထိုသဘောတရားများကို သဘာဝအလျောက် ပိုင်ဆိုင်ထားပြီး သား ဖြစ်သည်။

သို့သော် သူ၏ပါရမီကို အဆင့်မြှင့်တင်လိုသူများအတွက်မူ ဝင်ရောက်လာမည့် အချက်အလက်အားလုံးကို လုပ်ဆောင်နိုင်စွမ်းရှိသော မြင့်မားသည့် စိတ်အဆင့်တစ်ခု လိုအပ်သည်။

သူသည် ဉာဏ်အလင်းပွင့် သလင်းလုံးကို ဖန်တီးနိုင်သော်လည်း လောလောဆယ်တွင် ၎င်းက အလုပ်ဖြစ်လိမ့်မည်ဟု သူ မထင်ပေ။

အမှန်စင်စစ် ၎င်းသည် အန္တရာယ်ပင် ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကို လိုအပ်နေသူ အများစုမှာ ထိုကဲ့သို့ မြင့်မားသော စိတ်ပိုင်ဆိုင်ရာ နယ်ပယ်သို့ မရောက်ရှိကြသေးသောကြောင့် ဖြစ်သည်။ ဤအရာအတွက် သူ အဖြေရှာရန် လိုအပ်သည်။

သူ ပိုမိုစဉ်းစားလေလေ၊ စိတ်အဆင့်ကို မြှင့်တင်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိကြောင်း သူ သဘောပေါက်လေလေ ဖြစ်သည်။

တစ်ခုတည်းသော နည်းလမ်းမှာ ဝီရိယရှိရှိ လေ့ကျင့်ခြင်းပင်။

တပည့်များကို ဉာဏ်အလင်းပွင့်မှု အမွေကို မခံယူမီအထိ သူတို့ဘာသာ စိတ်ပိုင်းဆိုင်ရာ အဆင့်မြင့်မားလာအောင် လေ့ကျင့်ခိုင်းရလား သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအတွက်လည်း ဖြတ်လမ်းတစ်ခု ဖန်တီးပေးရမလားဟု သူ ဝေခွဲမရ ဖြစ်နေသည်။

"အာ... လုပ်လိုက်တာပေါ့"

မည်သို့ပင်ဆိုစေ ဤသုတေသနများအားလုံးမှာ သူ၏ အမှန်တရားရှာဖွေသူအလုပ်အကိုင်နှင့် ဉာဏ်အလင်းပွင့်မှု အဆင့်တက်ရန် အထောက်အကူ ဖြစ်နေသည်။

သုတေသနအချို့ပြုလုပ်ပြီးနောက် သူ အဖြေတစ်ခု ရခဲ့သည်။

"ဒါက ဆေးဝါးတွေပဲ"

ပို၍ တိတိကျကျ ပြောရလျှင် စိတ်အာရုံချောက်ခြားမှုကို ဖြစ်စေသော ဆေးဝါးများပင်။

စိတ်အဆင့်ကို မြှင့်တင်နိုင်သည့် နည်းလမ်းမှာ ခက်ခဲသော အခြေအနေများကို ကျော်လွှားခြင်း သို့မဟုတ် သူလုပ်ခဲ့သလို သူ၏ နှလုံးသား အနှစ်သာရကို ပြန်လည်အတည်ပြုခြင်းပင်။ နှလုံးသားအနှစ်သာရ အပိုင်းမှာ ခက်ခဲလှသည် အဘယ်ကြောင့်ဆိုသော် လူအနည်းငယ်သာ ဤမျှစောစီးစွာ သူတို့၏ နှလုံးသားအနှစ်သာရကို ရှာဖွေတွေ့ရှိနိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် သူနှင့် လုံးဝ မကိုက်ညီသော ထူးဆန်းသည့် ယုံကြည်ချက်များကို အတင်းအကျပ် အတည်ပြုခြင်းက နောင်တွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်သည်။

သူ့အတွက်မူ သူ၏ နှလုံးသားဆန္ဒမှာ ရှင်သန်ခြင်းဖြစ်သဖြင့် လွယ်ကူခဲ့

သည်။ သူသည် ရိုးရှင်းစွာပင် အသက်ရှင်လိုခဲ့ခြင်းပင်။ အပြောင်းအလဲများစွာ ရှိခဲ့သော်လည်း အဓိက ရည်မှန်းချက်မှာ တူညီနေဆဲပင်။ အခြားသူများအတွက်မူ ဤအရာမှာ ခက်ခဲနိုင်သဖြင့် သူသည် ပထမရွေးချယ်မှုဖြစ်သော ခက်ခဲသည့် အခြေအနေများကို ကျော်လွှားခြင်းနည်းလမ်းကိုသာ အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။

ခက်ခဲသော အခြေအနေများကို ဖန်တီးရန်မှာလည်း လှည့်ကွက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ ကြိုတင်စီစဉ်ထားသော အခြေအနေဖြစ်ကြောင်း သိနေပါက စိတ်အဆင့်မှာ တိုးတက်လာမည်မဟုတ်ပေ။

ထို့ကြောင့်ပင် သူသည် ဆေးဝါးများကို အားကိုးရခြင်းပင်။

သူသည် သူလက်ဝါးပေါ်ရှိ အပင်ကို ကြည့်လိုက်သည်။

"အိပ်မက်လမ်းလျှောက်သူရဲ့ ဆေးပင်"

ဤသည်မှာ သူဖန်တီးလိုက်သော ဆေးပင်အသစ်၏ အမည်ဖြစ်သည်။

ထိုဆေးပင်မှာ အမည်အတိုင်းပင် သံသရာဆေးလုံးအဖြစ် ဖော်စပ်မည်ဖြစ်သည်။

"ငါသိပါတယ် ငါ့မှာ နာမည်အသစ်တွေ ပေးဖို့ ကုန်နေပြီ ဟုတ်ပြီလား"

သံသရာဆေးလုံးသည် လူတစ်ဦးကို နှစ်ခြိုက်စွာ အိပ်ပျော်နေသော အခြေအနေသို့ ရောက်ရှိစေမည်။

ထို့နောက် ၎င်းသည် သူတို့၏ စိတ်ကို ထိန်းချုပ်ကာ အလွန်အမင်း လက်တွေ့ကျသော အိပ်မက်တစ်ခုအတွင်းသို့ သွတ်သွင်းလိမ့်မည်။

ထိုဆေးလုံးသည် သူတို့၏ အမှတ်တရများကိုလည်း ပိတ်ဆို့ထားမည်ဖြစ်ရာ ထိုအိပ်မက်ကမ္ဘာသစ်တွင် သူတို့သည် မွေးကင်းစကလေးငယ်အဖြစ်မှ စတင်ရမည်ဖြစ်သည်။

ထိုအိပ်မက်ထဲတွင် သူတို့သည် သူတို့ အလိုရှိသလို ရှင်သန်နိုင်သည်။ သူတို့ သေဆုံးသွားသောအခါ အိပ်မက်မှာ ပြီးဆုံးသွားမည်ဖြစ်ပြီး ထိုဘဝတွင် သူတို့သင်ယူခဲ့သော သင်ခန်းစာများအားလုံးကို သူတို့၏ စိတ်ကို မြှင့်တင်ရန်နှင့် နှလုံးသားအနှစ်သာရကို ပိုမိုတိကျစေရန် အသုံးပြုနိုင်မည်ဖြစ်သည်။

အိပ်မက်ပေါင်းများစွာကို တွေ့ကြုံရလေလေ သူတို့၏ စိတ်ပိုင်းဆိုင်ရာမှာ ပိုမိုကြီးထွားလာလေလေ ဖြစ်လိမ့်မည်။

ထိုဆေးပင်တွင် ဤကဲ့သို့ အာနိသင်များ ရှိနေသော်လည်း ရှန်းယွီ ဖော်ထုတ်ထားသော အခြား အမည်မပေးရသေးသည့် ဆေးပင်များနှင့် တွဲဖက်၍ ဆေးလုံးဖော်စပ်ရမည် ဖြစ်သည်။ အခြားဆေးပင်များ၏ အာနိသင်မှာ ဆေးလုံး၏ အကျိုးသက်ရောက်မှုကို တည်ငြိမ်စေရန်နှင့် ဘေးကင်းလုံခြုံမှုအတွက် ဖြစ်သည်။

ပထမအချက်မှာ အသုံးပြုသူ၏ စိတ်ကို အခြားသော စရိုက်များက လွှမ်းမိုးခြင်း သို့မဟုတ် သူ့ကိုယ်သူ ပျောက်ဆုံးသွားခြင်း မရှိစေရန် ကာကွယ်ပေးဖို့ ဖြစ်သည်။ နောက်တစ်ခုမှာ အချိန်အနှစ်သာရပါဝင်သော ဆေးပင်။ ၎င်းသည် အချိန်ကန့်သတ်ချက်များကို ကူညီပေးမည်ဖြစ်ပြီး တိုတောင်းသော အချိန်အတွင်း၌ပင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပုံရိပ်ယောင်ကို ဖန်တီးပေးမည် ဖြစ်သည်။

ကျန်ရှိသောအရာများမှာ ပြန်လည်မွေးဖွားခြင်းအာနိသင်ပါသော ဆေးပင်နှင့် ကုသခြင်းအာနိသင်ပါသော ဆေးပင်တို့ ဖြစ်သည်။

၎င်းသည် စိတ်ကို အစဉ်အမြဲ ကုသပေးနေသည့် အခြေအနေတွင် ထားရှိမည်ဖြစ်ရာ စိတ်ပင်ပန်းနွမ်းနယ်ခြင်းနှင့် ရပ်တန့်သွားခြင်းတို့ မဖြစ်ပေါ်စေရန် ဖြစ်သည်။ ပြန်လည်မွေးဖွားခြင်း အာနိသင်နှင့် ပတ်သက်လျှင်မူ

အိပ်မက်ထဲတွင် ပြင်းထန်သော အခြေအနေများကို ရင်ဆိုင်ရချိန်တွင် စိတ်သည် အာရုံကြောများစွာကို လောင်ကျွမ်းစေနိုင်သဖြင့် စိတ်ကို အမြဲတမ်း လန်းဆန်းနေစေရန်နှင့် အိုမင်းခြင်းမရှိစေရန် ဤအရာမှာ လိုအပ်လှသည်။

သူ ထိုအကြောင်းကို တွေးနေစဉ်မှာပင် ကမ္ဘာကြီးမှာ စတင်တုန်ခါလာသည်ကို သူ ခံစားလိုက်ရသည်။

သူတို့ရှိနေသော ကြယ်ဂြိုဟ်တစ်ခုလုံးမှာ တုန်ခါနေခြင်းပင်။

ရှန်းယွီသည် လီယောင်းကို ကြည့်လိုက်သည်။

"မိန်းမ... စိတ်အေးအေးထားပါဦး ဘာတွေဖြစ်နေတာလဲ"

သူ ထိတ်လန့်တကြား ပြောလိုက်မိသည်။

သူမကို သူ အနည်းငယ် အပြစ်ပေးခဲ့သည်မှာ မှန်သော်လည်း ဒီလောက်အထိ လုပ်စရာမလိုပါဘူး ဟုတ်တယ်မလားဟု သူ တွေးလိုက်မိသည်။

"စိတ်အေးအေးထားရမယ် ဟုတ်လား။ တစ်ယောက်ယောက်က ကျွန်မပိုင်တဲ့ အရာကို လာပြီး ပစ်မှတ်ထားနေတာကို ကျွန်မက ဘယ်လိုလုပ် စိတ်အေးအေး ထားနိုင်မှာလဲ"

သူမက ပြေ လိုက်ရာ သူမ၏ စွမ်းအင်များမှာ ပိုမိုပြင်းထန်လာခဲ့သည်။

"စိတ်အေးအေးထားပါ ဘယ်သူကမှ ဘာမှ မလိုချင်..."

သူ စကားမဆုံးမီမှာပင် သူ၏ တိုက်ပွဲစမ်းသပ်မှု လုပ်ဆောင်ချက်က တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိလိုက်သဖြင့် သူ တောင့်ခဲသွားတော့သည်။

......

[ဗိသုကာပညာရှင်: အဆင့် ၅ (၃၀၀/၅၀၀) → အဆင့် ၄ (၀/၆၀၀)]

[ဆေးပညာ: ကောင်းကင်ဘုံအဆင့် (၃၈၀၀/၁၀,၀၀၀) → ကောင်းကင်ဘုံ

အဆင့် (၇၆၀၀/၁၀,၀၀၀)]

[ဝိညာဉ်လယ်သမား: ကောင်းကင်ဘုံအဆင့် (၇၈၀၀/၁၀,၀၀၀) → မသေမျိုးအဆင့် (၀/၁၀၀,၀၀၀)]

[ဆေးဖော်စပ်သူ: မသေမျိုးအဆင့် (၆၅/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၁၃၀/၁၀၀,၀၀၀)]

[ပန်းပဲဆရာ: မသေမျိုးအဆင့် (၅၁၀/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၁၀၂၀/၁၀၀,၀၀၀)]

[အဆောင်ပညာရှင်၊ အစီအရင်ဆရာ: မသေမျိုးအဆင့် (၂၄၀၀/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၄၈၀၀/၁၀၀,၀၀၀)]

[ဆန်းစစ်သူ: မသေမျိုးအဆင့် (၁၇၀၀/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၃၄၀၀/၁၀၀,၀၀၀)]

[စားဖိုမှူး: မသေမျိုးအဆင့် (၈၀၀၀/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၁၆,၀၀၀/၁၀၀,၀၀၀)]

[အမှန်တရားရှာဖွေသူ: မသေမျိုးအဆင့် (၁၀,၀၀၀/၁၀၀,၀၀၀) → မသေမျိုးအဆင့် (၂၀,၀၀၀/၁၀၀,၀၀၀)]

[နတ်ဘုရားအဆင့် ကုသခြင်း: အဆင့် ၂ (၁၈၀၀/၁၀,၀၀၀) → အဆင့် ၂ (၃၆၀၀/၁၀,၀၀၀)]

[နတ်ဘုရားအဆင့် ဟင်းလင်းပြင်လက်ဝါး: အဆင့် ၂ (၆၄၀၀/၁၀,၀၀၀) → အဆင့် ၃ (၀/၁၀၀,၀၀၀)]

[နတ်ဘုရားအဆင့် ဒြပ်စင်ခွဲပွား: အဆင့် ၃ (၂၀၀၀/၁၀၀,၀၀၀) → အဆင့် ၃ (၄၀၀၀/၁၀၀,၀၀၀)]

[နတ်ဘုရားအဆင့် ယင်ယန်ညီညွတ်ခြင်း: အဆင့် ၃ (၁၅၀၀/၁၀၀,၀၀၀)

→ အဆင့် ၃ (၃၀၀၀/၁၀၀,၀၀၀)]

[လက်နက်မဟုတ်သော လက်နက်ပေါင်းစုံစိတ်ဆန္ဒ: အဆင့် ၃ (၁၀၀/၃၀၀၀) → အဆင့် ၃ (၂၀၀/၃၀၀၀)]

[လက်ဝါးသိုင်းစိတ်ဆန္ဒ: အဆင့် ၃ (၁၀၀/၃၀၀၀) → အဆင့် ၃ (၂၀၀/၃၀၀၀)]

[ဝိညာဉ်မီးလျှံ: အဆုံးမဲ့ ဟင်းလင်းပြင်မီးလျှံ: အဆင့် ၁ (၁၀,၀၀၀/၉၀,၀၀၀) → အဆင့် ၁ (၂၀,၀၀၀/၉၀,၀၀၀)]

[ဉာဏ်အလင်းပွင့်မှု: မသေမျိုးအဆင့် (၁၀,၀၀၀/၁,၀၀၀,၀၀၀) → မသေမျိုးအဆင့် (၂၀,၀၀၀/၁,၀၀၀,၀၀၀)]

[ယင်ယန်၊ စနစ်တကျရှိမှု၊ ကံကြမ္မာနှင့် ကံတရားနယ်ပယ်များ: ကမ္ဘာအဆင့် (၂၀,၀၀၀/၁၀၀,၀၀၀) → ကမ္ဘာအဆင့် (၄၀,၀၀၀/၁၀၀,၀၀၀)]

[ဒြပ်စင်ပေါင်းစုံနယ်ပယ်များ: ကမ္ဘာအဆင့် (၃၀,၀၀၀/၁၀၀,၀၀၀) → ကမ္ဘာအဆင့် (၆၀,၀၀၀/၁၀၀,၀၀၀)]

[ဖန်တီးခြင်းနယ်ပယ်: ကမ္ဘာအဆင့် (၅၀,၀၀၀/၁၀၀,၀၀၀) → အကြွင်းမဲ့အဆင့် (၀/၁,၀၀၀,၀၀၀)]

[ဟင်းလင်းပြင်၊ အချိန်နှင့် ရှုပ်ထွေးမှုနယ်ပယ်များ: ကမ္ဘာအဆင့် (၅၀,၀၀၀/၁၀၀,၀၀၀) → အကြွင်းမဲ့အဆင့် (၀/၁,၀၀၀,၀၀၀)]

[ဟင်းလင်းပြင်နှင့် ဆွဲငင်အားနယ်ပယ်: အကြွင်းမဲ့အဆင့် (၁၀,၀၀၀/၁,၀၀၀,၀၀၀) → အကြွင်းမဲ့အဆင့် (၂၀,၀၀၀/၁,၀၀၀,၀၀၀)]

[စစ်နတ်ဘုရားခန္ဓာ: အဆင့် ၅ (၃၀၀,၀၀၀/၅၀၀,၀၀၀) → အဆင့် ၆ (၀/၆,၀၀၀,၀၀၀)]

[ဗရမ်းဗတာခန္ဓာ: အဆင့် ၆ (၃,၀၅၂,၀၀၀/၆,၀၀၀,၀၀၀) → အဆင့် ၇

(၀/၇၀,၀၀၀,၀၀၀)]

[ကြယ်တာရာနက္ခတ် တာအိုခန္ဓာ: အဆင့် ၂ (၅၀၀,၀၀၀/၂,၀၀၀,၀၀၀) → အဆင့် ၂ (၁,၀၀၀,၀၀၀/၂,၀၀၀,၀၀၀)]

[သာလွန်မြင့်မြတ်သော တာအိုခန္ဓာ: အဆင့် ၃ (၃၀၀,၀၀၀/၃,၀၀၀,၀၀၀) → အဆင့် ၃ (၆၀၀,၀၀၀/၃,၀၀၀,၀၀၀)]

[ဝိညာဉ်အမြစ်: မသေမျိုးအဆင့် ဒြပ်စင်ပေါင်းစုံ (၅,၀၀၀/၁,၀၀၀,၀၀၀) → မသေမျိုးအဆင့် (၁၀,၀၀၀/၁,၀၀၀,၀၀၀)]

[ဝိညာဉ်: အရှယ်ရောက်ပြီး (၁,၂၀၀,၀၀၀/၃,၀၀၀,၀၀၀) → အရှယ်ရောက်ပြီး (၂,၄၀၀,၀၀၀/၃,၀၀၀,၀၀၀)]

[စိတ်ဓာတ်စွမ်းအား: ကောင်းကင်ဘုံအဆင့် (၄၀,၀၀၀/၁,၀၀၀,၀၀၀) → ကောင်းကင်ဘုံအဆင့် (၈၀,၀၀၀/၁,၀၀၀,၀၀၀)]

[ဟင်းလင်းပြင်ဖြတ်ကျော်ခြင်း: အဆင့် ၁၀ → ဝိညာဉ်နှင့် ခန္ဓာကိုယ် ပေါင်းစည်းခြင်း: အဆင့် ၁ (၀/၁၁၀,၀၀၀e၅)]

[ခန္ဓာကိုယ်သန့်စင်ခြင်း: အဆင့် ၅၁ (၄၀,၀၀၀/၅၁,၀၀၀) → အဆင့် ၅၂ (၀/၅၂,၀၀၀)]

***